
မင်းမြတ်သူရ
ပျောက်သောသူရှာလျှင်တွေ့

# နိဒါန်း

တစ်နေ့သ၌ မီးရထားလမ်းနှင့် ကားလမ်းဆုံရာမြို့ကြီးတစ်မြို့၏ မြို့ပြင်ရှိ နှစ်ထပ်ပျဉ် ထောင်အိမ်ကြီးတွင် လူများနှင့် စည်ကားနေလေ၏။

ထိုအိမ်ကြီးသည် မြို့သူမြို့သားများကြားတွင် ရေပန်းစားလူသိများသော အိမ်ကြီးဖြစ်၏။

အိမ်ကြီး၌ သောက်စားပျော်ပါးလိုသော ယောကျ်ားတို့အတွက် အဖျော်ယမကာမျိုးစုံကို ရရှိ နိုင်ပြီး အပျော်အပါး ဝါသနာထုံသော ယောကျ်ားများအတွက်လည်း ချောမောလှပသော မိန်းက လေးများကို ရရှိနိုင်၏။

ထိုမြို့၏ မြို့အုပ်၊ နယ်ပိုင်စသော အရာရှိကြီးများသည် အပျော်အပါးကိစ္စနှင့် ပတ်သက်၍ ဝါ သနာထုံသောကြောင့် ထိုအိမ်ကြီးကို မျက်စိမှိတ်၍ နေသဖြင့် အိမ်ကြီးအမည်သတင်း ကျော်ကြားရ ခြင်းဖြစ်တန်ရာ၏။

ထိုအိမ်ကြီးကို အပျော်အပါးဝါသနာထုံသော မြို့သားများက ရွှေအိမ်ကြီးဟု အမည်ပေး ထားကြလေ၏။

ထိုအိမ်ကြီးမှ မိန်းကလေးများကိုလည်း ရွှေမင်းသမီးလေးများဟု တင်စားခေါ်ဝေါ်ကြလေ ၏။

ရွှေမင်းသမီးများသည် နာမည်နှင့်လိုက်အောင်ပင် ချောမောလှပကြလေ၏။

အပျော်အပါးကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံများသော အရာရှိကြီးများပင်လျှင် ရွှေအိမ် ကြီးသို့ ရောက်ဖူးပြီးလျှင် ရွှေမင်းသမီးလေးများကို ချောမောလှပ၍ အပြုအစုကောင်းသည်ဟု ချီး မွမ်းကြလေ၏။

သို့သော် ရွှေအိမ်ကြီးသည် အဖျော်ယမကာနှင့် ရွှေမင်းသမီးများကအစ ဈေးနှုန်းကြီးမြင့်လှ သဖြင့် တော်ရုံတင်ရုံလူများ မကပ်နိုင်ဘဲ ပိုက်ဆံဝါလားတို့၏

ပျော်စရာပင် ဖြစ်လေတော့၏ ။

အချို့သောသူများသည် တစ်ကွက်ကောင်းတစ်ချီကောင်း ငွေကြေးအမြတ်အစွန်း ရရှိလျှင် ရွှေအိမ်ကြီးသို့သွား၍ ရွှေမင်းသမီးများ၏ ပြုစုယုယမှုကို ခံယူကြ၏ ။

ရွှေအိမ်ကြီးမှ ပြန်လာသောအခါ ၎င်းတို့၏ တွေ့ကြုံခံစားခဲ့ရသော စည်းစိမ်များကို နတ် စည်းစိမ်တမျှ ချဲ့ကား၍ ပြောဆိုကြလေ၏ ။

၎င်းတို့၏ စကားကို မစားရဝခမန်း နားထောင်နေသူများကလည်း အကြိမ်ကြိမ် ကြားဖူးပြီး သော စကားများဖြစ်သော်လည်း နားထောင်၍ မဝနိုင်သကဲ့သို့ စိတ်ဝင်စားစွာ နားထောင်ကြ၏ ။

ရွှေအိမ်ကြီးသည် ဤမျှပင် ဩဇာတိကမ ကြီးမား၍ လူအများကို ဆွဲဆောင်နိုင်လေ၏ ။

***

တစ်ညသ၌ ရွှေအိမ်ကြီး၏ ညှော်ခန်းထဲတွင် မူးယစ်သောက်စားသူများနှင့် စည်ကားနေခိုက် တွင် မြက်ဦးထုပ်ဆောင်းထားသော လူတစ်ဦးရောက်ရှိလာပြီး အရက်တစ်လုံးကို မှာယူ၍ သောက် ရင်း လူများကို အကဲခတ်နေလေ၏ ။

ထိုသူသည် အရက်တစ်ပိုင်း ကုန်သောအခါ မြက်ဦးထုပ်ကို စားပွဲပေါ်သို့ ချလိုက်၏ ။

ထိုအခါ အသက် ၃၀ ဝန်းကျင်ရှိပြီး မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများဖြင့် ကြည့်ကောင်းသော လူတစ်ဦးဖြစ်ကြောင်း တွေ့ရလေ၏ ။

ထိုသူသည် သောက်လက်စ အရက်ပန်းကန်ကို စားပွဲပေါ်သို့ ချလိုက်ပြီး ကောင်တာရှိရာ သို့ ဣန္ဒြေရရ လျှောက်သွားလေ၏။ ထိုအခါ ကောင်တာတွင်ထိုင်နေသော လူဝကြီးက လေသံတီး တိုးဖြင့်

“ ဘာလိုချင်သလဲ ဆရာလေး၊ နတ်သမီးလေးတွေနဲ့ နေချင်တယ်ဆိုရင်တော့ အပေါ်ထပ် ကို တက်သွားပါ၊ စိတ်တိုင်းကျရပါစေမယ် ”

ဟု ပြောလေ၏။

မြက်ဦးထုပ်ဆောင်းထားသောသူက လူဝကြီးကို မထီလေးစားကြည့်၍

“ ခင်ဗျား မဆိုးဘူး၊ လူကိုမြင်တာနဲ့ ဘာလိုချင်လဲဆိုတာ အကဲခတ်နိုင်သားပဲ၊ ဒါပေမဲ့ ကျုပ် လိုချင်တဲ့ နတ်သမီးက ခင်ဗျားတို့ဆီမှာ ရှိပဲ့ါမလား ”

ဟု ပြောလေရာ လူဝကြီးက ဖော်ရွေသောအမူအရာဖြင့် ပြုံးကာ

“ ဆရာလေးက ဘယ်သူ့ကို လိုချင်တာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ မြက်ဦးထုပ်ဆောင်းထားသောသူက ရယ်မောနေရာမှ ရပ်၍ မျက်နှာကို တည်တည် ထားကာ

“ ပုံပြောကောင်းတဲ့ မိန်းကလေးကိုပါ ”

ဟု ပြောလိုက်ရာ ဆိုင်ပိုင်ရှင်လူဝကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

“ ပုံပြောကောင်းတဲ့ မိန်းကလေးကို ပြောတာလား၊ ရှိပါတယ်၊ ရှိပါတယ်၊ သူ့နာမည် ပန်းက လေးလို့ခေါ်ပါတယ်၊ ဟဲ ဟဲ ... ပန်းကလေးနဲ့ တစ်ကြိမ် ဆုံဖူးတဲ့သူဟာ ပုံပြင်တစ်ပုဒ်တော့ နား ထောင်သွားရတာ ချည်းပါပဲ၊ သူပြောတဲ့ ပုံပြင်လေးတွေဟာ ရိုးအီသွားတယ်မရှိဘူး၊ အမြဲတမ်း သစ် လွင်ပြီး နားထောင်သူကို ဆွဲဆောင်သွားတာချည်းပဲ၊ ကဲ အိမ်ပေါ်ထပ်ကို ကြွပါ ”

မြက်ဦးထုပ်ဆောင်းထားသောသူသည် ကျွန်းလှေကားကြီးအတိုင်း အိမ်ကြီး၏ အပေါ်ထပ် သို့ ဣန္ဒြေရရ တက်လှမ်းသွားလေ၏ ။

အိမ်ကြီး၏ အပေါ်ထပ်တွင် ဟောင်းနွမ်းနေသော ကော်ဇောကြီးတစ်ချပ် ခင်းထားပြီး ဧည့် ခန်းထဲရှိ ထိုင်ခုံများတွင် လွှန်မင်းစွာ ပြင်ဆင်ထားသော မိန်းကလေးအချို့ ထိုင်နေကြ၏ ။

ထိုမိန်းကလေးများသည် ဧည့်သည်ကိုမြင်သောအခါ ဆီးကြိုနှုတ်ဆက်လိုက်ပြီး အသံလွင် လွင်ကလေးများဖြင့် ရယ်မယ်ကာ

“ အစ်ကိုက ဘယ်သူနဲ့ တွေ့ချင်တာလဲ၊ စိန်စိန်နဲ့လား၊ လဲ့လဲ့နဲ့လား၊ သင်းသင်းနဲ့လား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ မြက်ဦးထုပ်ဆောင်းထားသူက မိန်းကလေးများကို စိတ်လှုပ်ရှားဟန်မရှိဘဲ စီးက ရက်ကို လက်ဖြင့်တောက်ထုတ်လိုက်ပြီး

“ ပုံပြင်ပြောတတ်တဲ့ မိန်းကလေးနဲ့ပါ ”

ဟု ပြောလေရာ မိန်းကလေးများအားလုံး နှာခေါင်းရှုံ့၍

“ သြော် ... သူနဲ့တွေ့ဖို့ကိုး၊ ဒါဆိုရင်တော့ နောက်ဆုံးထောင့်က အခန်းကို ကြွပါရှင်၊ ဒီတစ် ညတော့ ဘာပုံပြင်များ ပြောဦးမလဲ မသိဘူး၊ တကတည်း ပြောလဲ ပြောနိုင်တဲ့ပုံပြင်တွေ ”

ဟု ညည်းညူကြလေ၏ ။

မြက်ဦးထုပ်နှင့်လူသည် အိမ်ကြီး၏ နောက်ဆုံးထောင့်ရှိ အခန်းသို့သွားကာ တံခါးကို ဖြည်း ညင်းစွာ ခေါက်လေ၏ ။

ထိုအခါ အခန်းတွင်းမှ ညို့ငင်အားကောင်းသော အသံလွင်လွင်လေးထွက်ပေါ်လာပြီး

“ တံခါးစေ့ထားတယ်၊ တွန်းပြီးဝင်လာခဲ့ပါရှင်၊ ဒီတစ်ညတော့ ပုံပြင်မပြောရဘူးလို့ ထင်ပြီး ပျင်းနေတာရှင့်၊ ပုံပြင်နားထောင်မယ့်သူလာလို့ ဝမ်းသာလိုက်တာရှင် ”

ဟု ပြောလေ၏ ။

မြက်ဦးထုပ်ဆောင်းထားသောလူသည် တံခါးကို ဖြည်းညင်းစါ ဖွင့်လိုက်စဉ် အခန်းထဲတွင် မီးအိမ်၏ အလင်းရောင်ကို နှိမ့်ချထားပြီး ကုလားထိုင်ကြီးတစ်လုံးတွင် ထိုင်နေသော မိန်းမလှလေး တစ်ယောက်ကို တွေ့ရ၏ ။

သူမ၏ ဆံပင်များကို ဖားလျားချထားပြီး ပါးလွှာသော အဖြူရောင် ညဝတ်အကျႌကို ဝတ် ဆင်ထား၍ သူမ၏ လျှို့ဝှက်အပ်သော အလှကို ဝိုးတဝါး မြင်နေရလေ၏ ။

မိန်းမလှလေးသည် ထိုင်ရာမှထ၍ ရိုသေသောအမူအရာဖြင့် လက်ပြလိုက်ပြီး

“ ကြွပါရှင်၊ ဟောဒီထိုင်ခုံမှာ ထိုင်ပါ၊ ရေနွေးကြမ်းသောက်ပါ။ ပြီးတော့ လက်ဖက်လည်း စားပါ ”

ဟုဆိုကာ ကြွေကရားလေးထဲမှ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပေးလေ၏ ။

မြက်ဦးထုပ်နှင့် လူသည် မိန်းမလှလေး၏ ဖြူသွယ်သော လက်ချောင်းကလေးများကို ငေး မောကြည့်နေလိုက်၏ ။

မိန်းမလှလေးက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပေးပြီး ဧည့်သည်အား ကမ်းပေးလိုက်၏ ။

ပြီးနောက်

“ ရေနွေးကြမ်းသောက်ရင်း ပုံပြင်လေးတစ်ပုဒ်ကို နားထောင်ပါရှင်၊

ပြီးတော့မှ အေးအေး ဆေးဆေး ပျော်ကြတာပေ့ါရှင် ”

ဟု ပြောလေရာ မြက်ဦးထုပ်နှင့် လူသည် မိန်းမလှလေးကို စကားမတုံ့ပြန်ဘဲ သူမ၏ အလှ ကို စေ့စေ့ကြည့်နေလိုက်၏ ။

မိန်းမလှလေးက ချိုလွင်သောအသံဖြင့် သူမ၏ ပုံပြင်ကို စတင်ပြောဆိုလေ၏ ။

“ ဟိုးရှေးရှေးတုန်းက မြို့တစ်မြို့မှာ ပိုးလုပ်ငန်းကို လုပ်ကိုင်တဲ့ လုလင်ပျိုလေးတစ်ဦးရှိသ တဲ့၊ လုလင်ပျိုလေးဟာ အလုပ်ကို ကြိုးစားလုပ်ပြီး ရုပ်ရည်ရူပကာကလည်း ကောင်း၊ တည်ကြည် ခံ့ညားတဲ့ စိတ်ဓာတ်ကလည်း ရှိလေတော့ မြို့ပေါ်မှာရှိတဲ့ အပျိုချောချောလေးတွေရဲ့ မျက်စိကျ ခြင်းကို ခံရတော့တာပေ့ါ၊

ဒီလိုနဲ့ ပိုးကုန်သည်လေးဟာ တစ်ညမှာ ကုန်သည်ကြီး တစ်ယောက်ရဲ့ မွေးနေ့ပွဲကိုသွား သတဲ့။ အဲဒီ ကုန်သည်ကြီးဟာ မြို့မျက်နှာဖုံးကုန်သည်ကြီးဖြစ်တော့ မြို့ပေါ်က လူကုံထံ အသိုင်းအ ဝိုင်းက သာမကဘူး၊ အနီးအနားမြို့များက သူဌေးသူကြွယ်တွေလည်း တက်ရောက်ကြတယ်၊ လု လင်ပျိုလေးဟာ ကုန်သည်ကြီးအတွက် ပိုးအုပ်ကလေး တစ်အုပ်ကို လက်ဆောင်ပေးသတဲ့၊

သူ့ရဲ့ ပိုးစကလေးမှာလည်း ကဗျာ လင်္ကာလေးတစ်ပုဒ်ကိုလည်း သီကုံးရေးခြယ်ပေးခဲ့ တယ်၊ အဲဒီ နေ့က မွေးနေ့ပွဲကို တက်ရောက်တဲ့ သူတိုင်း ပိုးစပေါ်က လင်္ကာလေးကို သဘောကြ တယ်၊ အဲဒီ လို သဘောကျတဲ့ သူတွေထဲမှာ မြို့ပေါ်က သူဌေးတစ်ဦးရဲ့ သမီးဟာလည်း ပိုးစပေါ် က လင်္ကာလေးကို သဘောကျရုံမက ချောမောလှပပြီး တည်ကြည်ခံ့ညားတဲ့ လုလင်ပျိုလေးကို လည်း သဘောကျတယ်၊

ဒါကြောင့် လုလင်ပျိုကို မိတ်ဆက်ပြီး ပိုးစပေါ်မှာ

လက်ကာလေးတစ်ပုဒ်ရေးပေးဖို့ တောင်းပန် ခဲ့တယ်၊ ဒီလိုနဲ့ လုလင်ပျိုနဲ့ သူဌေးသမီးဟာ ပိုးစပေါ်က လက်ကာလေးတွေကို အကြောင်းပြုပြီး ရင်းနှီးကျွမ်းဝင်ရာက ချစ်သူတွေ ဖြစ်ခဲ့တယ်၊

သူတို့နှစ်ယောက်ရဲ့ ချစ်သူသက်တမ်း တစ်နှစ်ကျော်လာတဲ့အခါ အလွန်ထူးခြားတဲ့ ပြောင်း လဲမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့တယ် ”

မိန်းမလှလေးသည် သူမ၏ စကားကို ရပ်တန့်၍ ပန်းကန်လုံးထဲသို့ ရေနွေးကြမ်းများ ငှဲ့ ထည့်လေ၏ ။

ပြီးနောက် ယွန်းအစ်လေးထဲမှ လက်ဖက်ကို ငွေဇွန်းကလေးဖြင့် ကော်ခပ်စားလေ၏ ။

မြက်ဦးထုပ်ဆောင်းသောလူသည် မိန်းမပျို၏ အပြုအမူကိုသာ စူးစိုက်၍ ကြည့်ရှုနေလေ၏ ။ မိန်းမပျိုက ဆက်လက်၍

“ အဲဒီ ပြောင်းလဲမှုကြီးကို လုလင်ပျိုဟာ မယုံနိုင်လောက်အောင် အံ့ဩခဲ့ရတယ်၊ ဘာ ကြောင့်လဲဆိုတော့ သူဟာ ယောကျ်ားစစ်စစ်ကနေ မိန်းမသားဘဝကို ပြောင်းလဲခဲ့တယ်၊ သူ့ရဲ့ခန္ဓာ ကိုယ်ဟာ ယောကျ်ားကနေ မိန်းမခန္ဓာကိုယ်အဖြစ် ပြောင်းလဲခဲ့တယ် ”

ဟု ပြောလေရာ မြက်ဦးထုပ်ဆောင်းထားသောသူသည် အံ့ဩဟန်ဖြင့် မျက်မှောင်ကြုတ်၍

“ ယောကျ်ားကနေ မိန်းမဖြစ်သွားတယ် ဟုတ်လား ”

ဟု မေးမြန်းလေ၏ ။

မိန်းမလှလေးက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ လုလင်ပျိုဟာ ယောကျ်ားအင်္ဂါကနေ မိန်းမအင်္ဂါကို ပြောင်းလဲသွားတယ်၊ လု လင်ပျိုဟာ သူ့ရဲ့ပြောင်းလဲမှုကြီးကို မယုံနိုင်လောက်အောင်

အံ့သြခဲ့တယ်၊ အလွန်စိတ်ထိခိုက် ကြေကွဲခဲ့တယ်၊ သူ့ရဲ့ ဘဝပျက်ပြီဆိုပြီး ငိုယိုခဲ့တယ်၊

ကိုယ့်ကိုယ်ကိုယ် သက်သေဖို့ ကြိုးစားခဲ့တယ်၊ မမြင်ရတဲ့ တန်းခိုးရှင်တွေက သူ့ရဲ့ဘဝကို ပြောင်းလဲအောင် ပြုစားလိုက်တယ်လို့ ထင်မြင်ခဲ့တယ်၊ ဒီအချိန်မှာ သူ့ချစ်သူ သူဌေးသမီးက သူ့ရဲ့ ဖခင်ကြီးကို အပူကပ်ပြီး လုလင်ပျိုနဲ့ မင်္ဂလာဆောင်နှင်းပေးဖို့ ပူဆာခဲ့တယ်၊

သူဌေးကြီးဟာ သမီးလေးကို အလွန်ချစ်တာမို့ ဆင်းရဲနွမ်းပါးတဲ့ လုလင်ပျိုနဲ့ သဘောမတူ ပေမဲ့ မင်္ဂလာပွဲကျင်းပဖို့ သဘောတူခဲ့တယ်၊ သူဌေးကြီးဟာ တစ်ဦးတည်းသော သမီးရဲ့မင်္ဂလာပွဲ ကို ရွှေနန်းတော်က အမတ်ကြီးတွေကိုတောင် ဖိတ်ကြားပြီး ခမ်းခမ်းနားနား ကျင်းပဖို့ ပြင်ဆင်ခဲ့ တယ်၊ သူဌေးသမီးဟာ ချစ်သူနဲ့ ပေါင်းဖက်ရမယ်ဆိုတော့ အလွန်ပျော်ရွှင် ကျေနပ်နေတာပေ့ါ၊

ဒါပေမဲ့ ယောကျ်ားစစ်စစ်က မိန်းမဘဝကို ပြောင်းလဲသွားတဲ့ ပိုးကုန်သည်လေးကတော့ မိန်းမချင်း ပေါင်းဖက်ရမဲ့ အရေးကို မပြောရက်ဘူးလေ၊ ဖွင့်ပြောဖို့ကလည်း အတော်ခက်တဲ့ အမှု ကိစ္စ မဟုတ်လား ”

ဟု ပြောလေရာ မြက်ဦးထုပ်ဆောင်းထားသော လူက ခေါင်းညိတ်၍ ရေနွေးကြမ်းတစ်ခွက် ကို ငုံ့သောက်ကာ

“ မင်းရဲ့ပုံပြင်က စိတ်ဝင်စားစရာကောင်းသားပဲ ”

ဟု ပြောလေ၏ ။

မိန်းမလှလေးက ပြုံး၍

“ ကျွန်မပြောတဲ့ ပုံပြင်တွေကို နားထောင်တဲ့ ယောကျ်ားတိုင်း ဒီလိုပဲ ပြောဖူးတယ်၊ ဒါပေမဲ့ ကျွန်မဟာ ဘယ်ပုံပြင်ကိုပဲဖြစ်ဖြစ် တစ်ညမှာ တစ်ခါပဲပြောလေ့ရှိတယ်၊ တစ်ကြိမ် ပြောဖူးတဲ့ပုံပြင် ကို တစ်သက်လုံး ဘယ်တော့မှ

ပြောလေ့မရှိဘူး ”

ဟု ပြောကာ သူမ၏ ပုံပြင်ကို ဆက်လက်၍ ပြောဆိုပြန်၏ ။

“ ဒီလိုနဲ့ သူဌေးသမီးနဲ့ ပိုးကုန်သည်လုလင်ပျိုရဲ့ မင်္ဂလာပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ တယ်၊ မင်္ဂလာပွဲကြီးကို ရွှေနန်းတော်ကြီးက အမတ်ချုပ်ကြီးနဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ ကြွရောက်ချီးမြှင့်ခဲ့တယ်၊

မင်္ဂလာပွဲကြီးဟာ ကြီးကျယ်ခမ်းနားလွန်းလို့ ရွှေနန်းတော်ကြီးက ဘုရင့်သမီးတော်လေးက တောင် မနာလိုဝန်တိုရတဲ့အထိ ဖြစ်ခဲ့တယ်တဲ့၊ ဘုရင့်သမီးတော်လေးဟာ မင်္ဂလာပွဲကို ကြွရောက် ချီးမြှင့်တဲ့ ပရိသတ်အင်အားနဲ့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာမဏ္ဍပ်ကြီးရဲ့သတင်းကို ကြားပြီး နောက်ဆိုရင် တိုင်းပြည်မှာ၊

ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီး မကျင်းပရဘူးလို့ အမိန့်ထုတ်လိုက်တယ်၊ မင်္ဂ လာဦးညကို ရောက်တော့ သတို့သားလုလင်ပျိုဟာ သတို့သမီး မိန်းမလှလေးကို ကြည့်ပြီး အလွန် စိတ်ထိခိုက် ကြေကွဲနေသတဲ့၊ ယောကျ်ားတစ်ယောက် မဟုတ်ဘဲ မိန်းမဘဝပြောင်းသွားတဲ့အဖြစ် ကို ဘယ်လို ထုတ်ပြောဝံ့မှာလဲ၊

ပြောရင်ကော သူ့ချစ်သူက ယုံမယ်တဲ့လား၊ ဒါကြောင့် သတို့သားလုလင်ဟာ ပင်ပန်းနွမ်း နယ်ပြီး နေမကောင်းဖြစ်ဟန်ဆောင်ပြီး တစ်ကိုယ်တည်း အိပ်ရာဝင်ခဲ့တယ်၊ သူဌေးသမီးကတော့ ချစ်သူကို စိုးရိမ်လို့ သမားတော်ကြီးကိုတောင် အိမ်ကိုပင့်ပြီး ပြုစုကုသစေခဲ့တယ်၊ သမားတော်ကြီး ကတော့ လုလင်ပျိုကို စစ်ဆေးကြည့်ပြီး သတို့သမီးနဲ့ စိတ်အေးလက်အေး ပေါင်းဖက်နိုင်ကြောင်း အားပေးစကားပြောတယ်၊

ဒါပေမဲ့ လုလင်ပျိုကတော့ ကိုယ့်အဖြစ်ကို ကိုယ်သာအသိဆုံးမို့ မိန်းမပျိုကို နည်းအမျိုးမျိုးနဲ့ ရှောင်ကွင်းနေတယ်၊ ဒီလိုနဲ့ ရက်တွေလတွေ

ပြောင်းလဲလာတော့ သူဌေးသမီးဟာ လုလင်ပျိုကို အလွန်စိတ်ပျက်လာခဲ့တယ်၊ အားမလိုအားမရလဲ ဖြစ်လာခဲ့တယ်၊ နှစ်ကိုယ်တူ သဘောတူကြည် ဖြူပြီး ပေါင်းဖက်ခဲ့ပြီးမှ အိမ်ထောင်အရသာ မခံစားရရင် ဘာအဓိပ္ပာယ်ရှိမှာလဲလို့ တွေးတောမိ တယ်၊

ဒါကြောင့် လုလင်ပျိုကို သူနဲ့မပေါင်းဖက်ရခြင်း အကြောင်းကို အကြိမ်ကြိမ်ဖွင့်မေးတယ်၊ လုလင်ပျိုဟာ ချစ်သူကိုပြောရမှာ၊ ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် ကြံစည်ခဲ့ တယ်၊ ဒီလိုနေ့ လသာတဲ့ညတစ်ညမှာ သတို့သမီး မိန်းမလှလေးဟာ လုလင်ပျိုရဲ့ဘဝမှန်ကို သိ လိုက်ရတယ်၊

ဒီအချိန်မှာပဲ သူဌေးသမီးဟာ ချုံးပွဲချငိုယိုပြီး လုလင်ပျိုကို လိမ်ညာလှည့်ဖြားသူဆိုပြီး စွပ်စွဲ တယ်၊ ရှက်ဒေါသကြောင့် လုလင်ပျိုရဲ့ လိမ်ညာမှုကို အမတ်ချုပ်ကြီးထိအောင် တိုင်ကြားဖို့ ဆုံး ဖြတ်လိုက်တယ်၊ လုလင်ပျိုကတော့ ယောကျ်ားဘဝကနေ မိန်းမဘဝ ပြောင်းသွားတာကို သူအ ကြိမ်ကြိမ် ရှင်းပြဖို့ ကြိုးစားရှာတယ်၊

ဒါပေမဲ့ သူဌေးသမီးကတော့ ဒီကိစ္စကို လုံးဝမယုံကြည်တဲ့အတွက် နန်းတော်တွင်းကိုဝင်ပြီး အမတ်ချုပ်ကြီးနဲ့ တိုင်ကြားခဲ့တယ်၊ ဒါကြောင့် သဌေးသမီးနဲ့ လုလင်ပျိုရဲ့အမှုဟာ နိုင်ငံတော်အထိ အောင် ပျံ့နှံ့သွားပြီး တစ်နိုင်ငံလုံး ဟိုးလေးတကျော်ဖြစ်ခဲ့ကြတယ်၊ နောက်ဆုံးတော့ နန်းတွင်းက ခုံသမာဓိရုံးမှာ လုလင်ပျိုရဲ့အမှုကို စစ်ဆေးတယ်၊

လုလင်ပျိုဟာ ယောကျ်ားစစ်စစ်အဖြစ် မွေးဖွားခြင်းဖြစ်ကြောင်း၊ လုလင်ပျိုကို မွေးဖွားပေး တဲ့ လက်သည်အဘွားကြီးက သက်သေအဖြစ် အစစ်ဆေးခံပေးတယ်၊ ဒါပေမဲ့ လုလင်ပျိုဟာ ယောကျ်ားစစ်စစ်ကနေ မိန်းမဘဝကို ဘာဖြစ်လို့ ပြောင်းလဲသွားသလဲဆိုတာ အဖြေရှာလို့ မရနိုင် ဘူး၊

အမတ်ချုပ်ကြီးကိုယ်တိုင်လဲ ဆုံးဖြတ်ရခက်တာမို့ ဒီပြဿနာရဲ့ အဖြေကို

ရှာဖွေ ပေးနိုင်သူ ကို ဆုတော်ငွေ ချီးမြှင့်မယ်ဆိုပြီး ကြေငြာ မောင်းခတ်စေခဲ့တယ်၊ ကြေငြာမောင်းခတ်ပြီး တစ်လ ပြည့်တဲ့နေ့မှာ နန်းတော်ထဲကို ဟောင်းနွမ်းတဲ့ အဝတ်အစားတွေ ဝတ်ဆင်ထားတဲ့ သူတောင်းစား မလေး တစ်ယောက်ရောက်လာတယ်၊ သူဟာ ပြဿနာရဲ့ အဖြေကို ပြောပြနိုင်တယ်လို့လဲဆို လိုက်တော့ နန်းတော်တစ်ခုလုံး လှုပ်ရှားသွားတာပေါ့ ”

မိန်းကလေးသည် ပုံပြင်ပြောခြင်းကို ရပ်နား၍ ရေနွေးကြမ်းသောက်ခြင်း၊ လက်ဖက်စားခြင်း တို့ကို ပြုလုပ်ပြန်၏ ။

ပြီးသောအခါမှ ထိုင်ရာမှထ၍ ခုတင်ရှိရာသို့ လျှောက်လှမ်းသွားပြီး

“ ကျွန်မတို့ အေးအေး ဆေးဆေး ပျော်ပါးပြီးတော့မှ ပုံပြင်ကို ဆက်ပြောကြတာပေါ့ ”

ဟု ပြောလေရာ မြက်ဦးထုပ်နှင့်လူက အံ့ဩသွားပြီး

“ ဟင် … ပုံပြင်ကို အပြီးမသတ်ဘဲနဲ့ ”

ဟု ရေရွတ်လေ၏ ။

ထိုအခါ မိန်းမပျိုက ခေါင်းညိတ်၍

“ ဒါ ကျွန်မရဲ့ ထုံးစံပဲရှင့်၊ ပုံပြင်ရဲ့ အဆုံးသတ်ကို ပြန်ခါနီး မှ ဆက်ပြောလေ့ရှိတယ်၊ ဒီလိုမ ဟုတ်ဘဲ ပုံပြင်ရဲ့အဆုံးသတ်ကို သိချင်တယ်ဆိုရင်တော့ ရှင့်ကို ကျွန်မ လက်မခံတော့ဘူး၊ ပုံပြင် ကို ဆက်ပြောပြပြီး အခန်းထဲက ပြန်လွှတ်လိုက်မယ်၊ ကဲ … ရှင်ကြိုက်ရာလမ်းကို ရွေးပေတော့ ”

ဟု ပြောလေတော့၏ ။

မြက်ဦးထုပ်နှင့်လူက မိန်းမပျို၏ စကားကို မျက်မှောင်ကြုတ်၍ နားထောင်နေရာမှ တဟား ဟားရယ်မောလိုက်ပြီးနောက်

“ ဟား ဟား ဟား … မိန်းကလေးက ဘယ်ဆိုးလို့လဲ၊

ပုံပြောကောင်းတဲ့သူပီပီ ပုံပြင်ကို စိတ်ဝင်စားအောင် ပြောသွားတာ ကျုပ်တောင် မျောပါသွားပြီ၊ လာရင်း ကိစ္စကို မေ့သွားတယ် ”

ဟု ပြောလေ၏။

ထိုအခါ မိန်းမပျိုက ခုတင်ပေါ်တွင် ထိုင်လိုက်ပြီး မြက်ဦးထုပ်နှင့် လူကိုကြည့်ကာ

“ အခုတော့ လာရင်းကိစ္စကို သတိရပြီပေါ့ ”

ဟု မေးမြန်းလေ၏။

မြက်ဦးထုပ်နှင့်လူက ခေါင်းညိတ်၍

“ သတိရပါပြီဗျာ၊ သတိရပါပြီ၊ တကယ်တော့ ကျုပ်ဒီကိုလာတာ ပျော်ဖို့ပါးဖို့ မဟုတ်ဘူး၊ ဒီ လိုအလုပ်မျိုးကို ကျုပ်ဝါသနာမပါဘူး ”

ဟု ငြင်းဆန်လိုက်ရာ မိန်းမပျိုက နားမလည်ဟန်ဖြင့် ကြည့်ရှု၍

“ ဝါသနာမပါဘဲနဲ့ ရွှေအိမ်ကြီးကို ဘာလာလုပ်တာလဲ ”

ဟု မေးမြန်းလေ၏။

မိန်းမပျို၏ စကားကြောင့် မြက်ဦးထုပ်နှင့်လူက သူမ၏ မျက်နှာကို စေ့စေ့ကြည့်၍

“ ကျုပ် ပုံပြင်လေးတစ်ပုဒ်ပြောပြဖို့ ရောက်လာတာပါ ”

ဟု ပြောလေရာ မိန်းမပျိုက မြက်ဦးထုပ်နှင့် လူကို အံ့သြဟန်ဖြင့် ကြည့်လိုက်လေ၏။ ပြီး နောက်

“ ကျွန်မကို ပုံပြင်ပြောပြမယ် ဟုတ်လား၊ အံ့သြဖို့ကောင်းလိုက်တာ၊ အမြဲတမ်း ကျွန်မပဲ သူ တစ်ပါးကို ပုံပြင်တွေ ပြောပြနေရတယ်၊ ရှင်က ကျွန်မကို ပုံပြင်ပြောပြမယ်ဆိုတော့ အထူးအဆန်း ပဲ ”

ဟု ရေရွတ်လေ၏။

ထိုအခါ မြက်ဦးထုပ်နှင့်လူက သူမ၏ မျက်နှာကို စူးစိုက်ကြည့်၍

“ ထူးဆန်းရမယ်လေ၊ သတ္တလောကကြီးကိုက ထူးဆန်းတဲ့ အရာတွေနဲ့ ဖွဲ့စည်းထားတယ် မဟုတ်လား၊ ကဲ … ကျုပ်ရဲ့ပုံပြင်ကို စိတ်အေးလက်အေး နားထောင်ပေတော့၊ ပုံပြင်မပြောခင် ရေ နွေးကြမ်းလေးကို သောက်လိုက်ဦး၊

လက်ဖက်သုပ်တွေကိုလည်း စားလိုက်ဦး၊ ပုံပြောရင်း ထိုင်ရာကထပြီး ရေအိမ်ဝင်တာတို့၊ အပြင်ထွက်တာတို့ မလုပ်ရဘူး၊ စည်းကမ်းချက်တွေကို လိုက်နာနိုင်ရင် ပုံပြင်ကို စပြောတော့မယ် ”

ဟု ပြောကာ မြက်ဦးထုပ်နှင့် လူသည် သူ၏ ပုံပြင်ကို စတင်ပြောဆိုလေ၏။

မိန်းမပျိုသည် ပုံပြင်ကို စိတ်ဝင်တစားနားထောင်၍ အံ့ဩဟန်ဖြင့် မျက်လုံးအစုံ ပြူးဝိုင်း သွား၏။

မြက်ဦးထုပ်နှင့်လူက တည်ကြည်သောအသံဖြင့် ပုံပြင်ကို အစမှအဆုံးတိုင် ပြောပြနေလေ ၏။

ညဉ့်နက်သောအခါ ပုံပြင်ပြီးဆုံးသွားပြီး မြက်ဦးထုပ်နှင့်လူက ထိုင်ရာမှထ၍

“ ပုံပြင်ကို စိတ်ရှည်လက်ရှည်နဲ့ အစကအဆုံး စိတ်ဝင်တစားနားထောင်ပေးတာ ကျေးဇူး တင်ပါတယ်၊ မိန်းကလေးရဲ့ ပုံပြင်ကိုတော့ ဆက်မပြောနဲ့တော့ ဘာဖြစ်လို့လဲဆိုတော့ ပုံပြင်ရဲ့ အဆုံးသတ်မရှိဘူးဆိုတာ ကျုပ် ရိပ်မိနေလို့ပါ၊

တကယ်တော့ မိန်းကလေးဟာ ပုံပြင်တွေကို တစ်နေ့တစ်မျိုး မရိုးအောင် ပြောတယ်ဆိုက တည်းက စိတ်ဝင်စားစရာ ဇာတ်လမ်းဇာတ်ကွက်လေးတွေကို

မရိုးအောင် တီထွင်ပြီး လက်တန်း ပြောသွားတာပါ၊

ဒီလိုနဲ့ ပုံပြင်ရဲ့ အဆုံးသတ်ကို ရောက်ကာနီးရင်တော့ စိတ်ကူးပေါက်သလို လုပ်ပြီး ဇာတ် သိမ်းလိုက်တာ များမယ်ထင်တယ်၊ ဘာပဲပြောပြော မိန်းကလေးဟာ ပုံပြောကောင်းတဲ့ မိန်းကလေး တစ်ယောက်ပါ ”

ဟု တီးတိုးပြောလိုက်လေတော့၏ ။

***

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ ရွှေအိမ်ကြီး၏ ပိုင်ရှင်လူဝကြီးသည် မိန်းက လေးများအား ရရှိသောငွေစများကို ခွဲဝေပေးရန် သူ၏ အခန်းသို့ ခေါ်လိုက်လေ၏ ။

ထိုအခါ မိန်းကလေးများအားလုံး ၎င်းတို့၏ အခကြေးငွေများကို လာရောက်ထုတ်ယူသော် လည်း ပုံပြောကောင်းသောမိန်းကလေးမှာ ရောက်မလာပေ။

ထို့ကြောင့် ပိုင်ရှင် လူဝကြီးက တောက်တိုမယ်ရခိုင်းသော ကောင်လေးကို သူမ၏ အခန်းသို့ စေလွှတ်လိုက်၏ ။

ခဏကြာတွင် ကောင်လေးပြန်ရောက်လာပြီး

“ ပုံပြင်တွေပြောတဲ့ အစ်မကြီးမရှိတော့ဘူး၊ ကျွန်တော် တစ်အိမ်လုံးရှာတာ နဲ့နေပြီ၊ နောက် ဆုံးတော့ အိပ်ခန်းထဲက ခုတင်ပေါ်မှာ ဟောဒီစာရွက်လေးကို တွေ့တယ် ”

ဟု ပြောလေရာ ဆိုင်ရှင်လူဝကြီးသည် မျက်မှောင်ကြုတ်၍ စာကို ကမန်းကတန်း ဖတ် ကြည့်လိုက်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေ၏ ။

လူဝကြီးရှင့်

ရွှေအိမ်ကြီးမှာ ရက်လပေါင်းများစွာ ရွှေမင်းသမီးလေးတစ်ယောက်အဖြစ် ခိုလှုံခွင့်ရ တာ သဘာဝ လောကကြီးကို ကျေးဇူးတင်နေမိပါတယ်၊ ရွှေအိမ်ကြီးမှာနေထိုင်ပြီး ပုံပြင် တွေ ပြောပြနေတာ ပျော်စရာကောင်းပါတယ်။ ကျွန်မရဲ့ ပုံပြင်တွေကို နားထောင်လို့ ကောင်းပါတယ်ဆိုပြီး ယောကျ်ားတို့နှုတ်ဖျားမှာ တဖွဖွပြောခဲ့တဲ့အတွက် သဘာဝ လောက ကြီးကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ ပျော်စရာကောင်းတဲ့

ရွှေအိမ်ကြီးက ထွက်ခွာ သွားရတာ ဟာ ပုံပြင်လေးတစ်ပုဒ်ကို နားထောင်လိုက်ရလို့ပါ။ ပုံပြောကောင်းပါတယ်ဆိုတဲ့ ကျွန်မဟာ ကျွန်မထက် ပုံပြောကောင်းတဲ့လူနဲ့ တွေ့လို့ ရွှေအိမ်ကြီးက ထွက်သွားပါပြီ။ ကံ မကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေ့ါ။

## သဘာဝ လောကကြီးကို ကျေးဇူးအမြဲတင်တဲ့ ပန်းကလေး

စာကို အဆုံးသတ်အောင်ဖတ်ပြီး လူဝကြီးသည် မိုက်ခနဲ ဖြစ်သွားကာ သူ၏ နဖူးကို သူရိုက် ၍

" မရှိတော့ဘူး ပန်းကလေး မရှိတော့ဘူး၊ ပုံပြောမဲ့လူ မရှိတော့ဘူး "

ဟု အော်ဟစ်လိုက်လေ၏ ။

ထိုနေ့မှစ၍ လွန်စွာချောမောလှပ၍ လွန်စွာမှပင် စွဲမက်ဖွယ်ကောင်းသော၊ စိတ်ဝင်စားဖွယ် ပုံပြင်လေးများကို ပြောဆိုတတ်သည့် ပန်းကလေးသည် မြို့ကလေးမှ ပျောက်ဆုံးသွားလေတော့ ၏ ။

ထိုအခါ သမနှင့် ရင်းနှီးကျွမ်းဝင်ဖူးသော ယောကျ်ားတို့သည် သူမ၏ အကြောင်းကို တသသ ပြောဆို၍ မဆုံးနိုင်အောင် ဖြစ်လေတော့၏

***

တစ်နေ့သ၌ နယ်မြို့လေးတစ်မြို့၏ ဘုရားပွဲကြီးတွင် ခပ်ညံ့ညံ့အငြိမ့်အဖွဲ့လေးတစ်ဖွဲ့ သည် ကပြနေလေ၏ ။

အငြိမ့်အဖွဲ့သည် မင်းသမီးနှင့် လူရွှင်တော်များကအစ ညံ့ဖျင်းကြသော်လည်း ပွဲတက်နေ သော ဘုရားပွဲလာ ပရိသတ်များသည်

အငြိမ့်အဖွဲ့ကို လှိုက်လှိုက်လှဲလှဲ အားပေးကြ၏။

အငြိမ့်မင်းသမီး ရွှေမြခင်ဆိုသော မိန်းမမှာ အကမကောင်းသည့်အပြင် အသံမှာလည်း လွန် စွာညံ့ဖျင်း၏။

သူမ၏ စူးရှ၍ ပြာတာတာနိုင်သောအသံကို အခြားသော အငြိမ့်အဖွဲ့များ၏ သီချင်းများကို ခိုး၍ သီဆိုလေရာ နားထောင်တတ်သူတို့၏ အကြားအာရုံတွင် လွန်စွာ နားကလောလှ၏။

သူမသည် အကမကောင်းသော်လည်း ကြာအပစ်ကောင်းသူ ဖြစ်သဖြင့် အငြိမ့်စင်၏ ဝဲယာ တွင် ကာလသားလူငယ်များ လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။

အငြိမ့်အဖွဲ့တွင် လိုက်ပါလာသော လူရွှင်တော်လေး တစ်ယောက်မှာလည်း မင်းသမီးကို ထိကပါးရိကပါး ပြောဆိုပြီး ညစ်ညမ်းသော ပြက်လုံးများမှလွဲ၍ အခြားသော ပြက်လုံးများကို မပြက် တတ်သကဲ့သို့ ရှိလေ၏။

ဤသို့ဖြင့် တောဘုရားပွဲ၌ တောအငြိမ့်လေးသည် ညလုံးပေါက် ဖြေဖျော်ပြီးနောက် အငြိမ့် မင်းသမီးသည် ပြာတာတာနိုင်သောအသံဖြင့် သူမ၏ နာမည်ကို ထည့်သွင်းစပ်ဆိုထားသော လွန် စွာညံ့ဖျင်းသည့် သီချင်းကို သီဆို၍ ပွဲသိမ်းလေ၏။

အငြိမ့်မင်းသမီး ပွဲပြီးသောအခါ သူမနှင့် တိတ်တိတ်ပုန်းဖြစ်နေသော အငြိမ့်ထောင်ဆရာ ကြီး၏ အိပ်ရာသို့ သွားလေ၏။

လူရွှင်တော်များသည်လည်း ပွဲခင်းထဲရှိ အရက်ပုန်းရရှိနိုင်သော နေရာသို့ ချီတက်ကြကုန် ၏။

လူရွှင်တော်များအနက် အသက်အငယ်ဆုံး လူရွှင်တော်သည် ကျန်လူရွှင်တော်သုံးယောက် နှင့် အရက်ဆိုင်သို့ မလိုက်တော့ဘဲ လက်ဖက်ရည်တစ်ခွက်ကို အရသာခံ၍ သောက်သုံးပြီး အိပ် ရာဝင်ရန် ကြံလေ၏။

ထိုအခိုက်မှာပင် သူ၏ သေတ္တာပေါ်တွင် တင်ပျဉ်ခွေ ထိုင်၍ နေသော လူတစ်ယောက်ကို တွေ့ရလေ၏။

ထိုသူသည် ခေါင်းပေါ်တွင် မြက်ဦးထုပ်တစ်လုံးကို ဆောင်းထားလေ၏။

လူရွှင်တော်က မြက်ဦးထုပ်ဆောင်းထားသူကို တအံ့တသြကြည့်ရှု၍

“ ခင်ဗျား ဘယ်သူလဲ၊ ဘယ်လိုလုပ် ဒီနေရာကို ရောက်နေတာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ မြက်ဦးထုပ်နှင့် လူက ရယ်မော၍

“ အံ့သြမနေပါနဲ့ကွာ၊ အတားအဆီးဆိုတာ ငါ့မှာ မရှိဘူးကွ၊ ငါ သွားချင်တယ်ဆိုရင် သွား ချင်တဲ့နေရာကို သွားလို့ရတယ်၊ ပြန်ချင်တယ်ဆိုရင်လည်း အချိန်မရွေးပြန်လို့ရတယ်၊

ဘာလို့လဲဆို တော့ ငါဟာ သဘာဝ လောကကြီးနဲ့ တစ်သားတည်းဖြစ်အောင် နေတဲ့လူမို့ပဲ၊ ဒါတွေ ထားလိုက်ပါ တော့ကွာ၊ မင်း တို့ လူရွှင်တော်တွေဟာ လူရွှင်တော် ပညာမှ တတ်ရဲ့လား ”

ဟု မေးမြန်းလေရာ လူရွှင်တော်လူငယ်က မျက်နှာရှုံ့မဲ့၍

“ မတတ်ဘဲ လူရွှင်တော် လုပ်ပါ့မလားဗျ၊ စင်ပေါ်မှာ ပရိသတ်ကို ရယ်အောင်လုပ်တယ်ဆို တာ လွယ်တယ်များ အောက်မေ့လို့လား ”

ဟု မေးမြန်းလေ၏။

ထိုအခါ မြက်ဦးထုပ်နှင့်လူက တဟားဟား ရယ်မော၍

“ ဟား ဟား ဟား ... လူရွှင်တော် ပညာကို ငါလေးစားပါတယ်ကွာ၊ အထင်လည်းကြီးပါ တယ်၊ ဒါပေမဲ့ ငါလေးစားတဲ့ ပညာရှင်တွေက မင်းတို့လို လူရွှင်တော် ပညာမတတ်ဘဲ အောက်ပိုင်း ပြက်လုံးတွေနဲ့ပဲ လုပ်စားနေတဲ့

လူရွှင်တော် မဟုတ်ဘူးကွ၊

ငါတို့ မြန်မာလူမျိုးတွေဟာ အင်မတန် ရယ်မောစရာကို ကြိုက်နှစ်သက်တဲ့လူမျိုးကွ၊ ခါး အောက်ပိုင်း ညစ်ညစ်ပတ်ပတ်ပြက်မှ ရယ်တတ်တဲ့ လူမျိုးမဟုတ်ဘူးကွ၊ မင်းလူရွှင်တော်ဆိုရင် ကောက်ညှင်းပေါင်း၊ အုန်းသီးနဲ့ နှမ်းထောင်းပြက် လုံးမျိုးကို ကြားဖူးရဲ့လား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူရွှင်တော်က မျက်မှောင်ကြုတ်၍ ခေါင်းခါလိုက်ပြီး

“ တစ်ခါမှ မကြားဖူးဘူး ”

ဟု ဖြေလေ၏ ။

မြက်ဦးထုပ်နှင့်လူက ခေါင်းတဆတ်ဆတ်ညိတ်၍

“ ရှေးက လူရွှင်တော်ကြီးတွေ ပြက်လေ့ရှိတဲ့ အလွန်ရိုးစင်းပြီး လှပတဲ့ ပြက်လုံးလေးတွေ ကွ၊ မင်းက ခပ်ညံ့ညံ့လူရွှင်တော်ဖြစ်နေလို့ ကြုံတုန်း သင်ပေးလိုက်ဦးမယ်၊ သေသေချာချာ မှတ် ထားပေတော့ ”

ဟု ဆိုကာ မြက်ဦးထုပ်နှင့်လူက လူရွှင်တော်လေးကို အောက်ပါအတိုင်း အမေးအဖြေပြု လုပ်၍ ရှေးပြက်လုံးတစ်ခုကို သင်ပြပေးလေ၏ ။

မြက်ဦးထုပ်နှင့်လူ၏ မေးခွန်းများကို လူရွှင်တော်လေးက ဖြေရလေ၏ ။

“ ဟေ့ကောင်၊ မင်း ကောင်မလေးတစ်ယောက်ကို လိုချင်သလား ”

“ လိုချင်တာပေါ့ ”

“ မင်္ဂလာဆောင်မှာလား ”

“ ဆောင်မယ်ဗျာ ”

“ အဟုတ်ပေါင်းမယ်ပေါ့ ”

“ ပေါင်းမယ်ဗျာ ”

“ ပေါင်းမယ်ဆိုရင်ရော့ ဒီမှာကောက်ညှင်း၊ ဒါမှ မင်္ဂလာဆောင်နဲ့ ကောက်ညှင်းပေါင်း လိုက် တော့မှာပေါ့ ”

“ ကဲ မင်းကောင်မလေးကို ချစ်ရဲ့လား ”

“ ချစ်တာပေါ့ ”

“ တကယ်ချစ်မှာလား ”

“ ချစ်မှာပေါ့ ”

“ ရော့ ခြစ်ရင် ဒီမှာ အုန်းခြစ် ဒါမှ မင်္ဂလာဆောင်မှာ ကောက်ညှင်းပေါင်းနဲ့ အုန်းသီး လိုက် တော့မှာပေါ့ ”

“ ကဲ မေးရဦးမယ်၊ ကောင်မလေးကို စိတ်ဆိုးရင် ထောင်းမှာလား ”

“ ထောင်းမှာပေါ့ဗျာ၊ ကိုယ့်စကား နားမထောင်ရင် ထောင်းကို ထောင်းမယ် ”

“ ထောင်းချင်ရင်ရော့ နှမ်း ”

“ ဟာ ... ဘာဆိုင်လို့လဲ ”

“ ဒါမှ မင်္ဂလာဆောင်ရင် ကောက်ညှင်းပေါင်း၊ အုန်းသီး၊ နှမ်းထောင်းနဲ့ လိုက်တော့မှာပေါ့ ”

“ ကောင်မလေးက မြို့ပေါ်မှာ ပေါ်ပြူလာဖြစ်နေတဲ့ မိန်းမချောလေးကွ၊ ဒါကြောင့် ကောင်မ လေးကိုရရင် မင်းနာမည်ကျော်မှာပေါ့ ”

“ ကျော်မှာပေါ့ ”

“ တကယ်ကျော်မှာပေါ့ ”

“ ကျော်တာပေါ့ဗျာ၊ မိန်းမချောလေးနဲ့ရမှ နာမည်မကျော်ဘဲ နေပါ့မလား ”

“ တကယ်ကျော်မှာပေါ့ ”

“ ကျော်တာပေါ့ဗျာ ”

“ ကြော်ရင်ရော့ ငါး ”

“ ဟင် ဘာဆိုင်လို့လဲ ”

“ ဆိုင်တာပေါ့၊ ဒါမှ မင်္ဂလာဆောင်ရင် ကောက်ညှင်းပေါင်း၊ အုန်းသီး၊ နှမ်းထောင်းနဲ့ ငါး ကြော် လိုက်ဖက်တော့မှာပေါ့ကွ ”

မြက်ဦးထုပ်နှင့်လူက အထက်ပါအတိုင်း ရှေးပြက်လုံးတစ်ခုကို သင်ကြားပေးပြီး

“ သေသေချာချာ မှတ်ထားကွ၊ ခါးအောက်ပိုင်းကို ပြက်မှ ပြက်လုံးမဟုတ်ဘူး ”

ဟု ပြောလေရာ လူရွှင်တော်လေးသည် သဘောကျဟန်ဖြင့် ရယ်မော၍

“ ကောင်းလိုက်တဲ့ ပြက်လုံးဗျာ၊ ရိုးရိုးလေးနဲ့ ရယ်လိုက်ရတာ ၊ နောက်ထပ် ပြက်လုံးရှိရင် သင်ပေးပါဦး ”

ဟု တောင်းပန်လေ၏။

ထိုအခါ မြက်ဦးထုပ်နှင့်လူက ခေါင်းညိတ်၍

“ ခပ်ညံ့ညံ့လူရွှင်တော်တွေဟာ ဒီလိုပဲ၊ ပြက်လုံးကို ကိုယ်တိုင်ထွင်ဖို့ မကြိုးစားဘူး၊ သူတစ် ပါး ထွင်တဲ့ပြက်လုံးကို ယူသွားဖို့ပဲ စဉ်းစားကြတယ်၊ လူရွှင်တော်ဆိုတာ ကိုယ်တိုင်ထွင်နိုင်ရတယ် ကွ၊ ပရိသတ်ထဲကို ဆင်းပြီး ပညာယူရတယ်၊

တကယ်တော့ ပြက်လုံးဆိုတာ ပရိသတ်ထဲမှာပဲရှိ တယ်၊ ဒီနေ့ည မင်းကိုတော့ ပြက်လုံး တစ်ခု သင်ပေးသွားမှာပဲ၊ ဒီပြက်လုံးကို ဉာဏ်ရှိသလိုသုံးပြီး အများကြီး ချဲ့လို့ရတယ်ကွ၊ နား ထောင် မင်းနာမည်ကိုပဲ ထည့်ပြီး ပြက်ပြမယ်၊ ဩော် ငွေတိုး ငွေ တိုး။

နာမည်ကြီးချင်ရှာတယ်၊ ဘယ်လိုမျိုးနဲ့ပဲ နာမည်ကြီးကြီး နာမည်ကြီးဖို့ အဓိကပဲဆိုပြီး ဈေး ရှေ့က အပျိုကြီး ဒေါ်ဇာဖြူထဘီကို သွားခိုးတယ်၊

ကံကောင်းချင်တော့ အပျိုကြီးက ပက်ပင်းကြီး မိတာနဲ့ ထဘီသူခိုး၊ ထဘီသူခိုးလို့ အော်တော့ လူတွေဝိုင်းဖမ်းပြီး ငွေတိုး ထဘီသူခိုး၊ ငွေတိုး ထဘီသူခိုးလို့ နာမည်သတင်းကြီးသွား တယ်၊

ဒါပေမဲ့ ထဘီရပ်တုန်းခဏပဲ နာမည်ကြီးလိုက်တာပါ၊ နောက်တော့လည်း လူတွေက မေ့ သွားကြတယ်၊ ဒါကြောင့် နာမည်ကြီးချင်တဲ့ ငွေတိုးဟာ နောက်တစ်မျိုး ကြံရတာ ပေ့ါ၊ ဒီတစ်ခါ တော့ လူမိုက်လုပ်ဖို့ စဉ်းစားမိတယ်၊

ဒါကြောင့် လမ်းဆုံလမ်းခွကစောင့်ပြီး မကျေနပ်နဲ့လူကို ရိုက်တာပဲ၊ ကံကောင်းချင်တော့ နောက်ပိုးအလွန်သန်တဲ့ နောက်ပိုးရှုး ဝင်ထွန်းဆိုတဲ့လူကို သွားရိုက်မိတော့ လူမိုက်ငွေတိုးဆိုပြီး နာမည်သတင်း နာမည်သတင်းကြီးခဲ့တယ်၊

ဒါပေမဲ့ ရိုက်တုန်းခဏပဲ နာမည်ကြီးပါတယ်၊ နောက်တော့လဲ လူတွေဟာ ငွေတိုးကို မေ့ သွားကြတာပါပဲ၊ ဒါနဲ့ ငွေတိုးဟာ နာမည်ကြီးချင်လွန်းလို့ ကြံရ ဖန်ရတော့တာပေ့ါ၊

ဒီတစ်ခါတော့ နာမည်မကြီးကြီးအောင်ဆိုပြီး ဈေးထဲက ဗန်းကြီးတစ်ဗန်းဝယ်ပြီး ရွှေချတယ်၊ ပြီးတော့ ဗန်းအလယ်မှာ ငွေတိုးလို့ရေးပြီး လမ်းဆုံလမ်းခွမှာ ချထားတယ် ဒီတော့မှ နာမည်ကြီး တော့တယ်၊ ငွေတိုး ရွှေပန်းကြီး၊ ငွေတိုး ရွှေပန်းကြီးတဲ့ ”

ဟု ပြောလေရာ မြက်ဦးထုပ်နှင့်လူက သူ၏ ပြက်လုံးကို ရပ်တန့်လိုက်ရာ ငွေတိုးသည် သဘောကျဟန်ဖြင့် တဟားဟား ရယ်မော၍

" ဟား ဟား ဟား ... ရယ်ရတယ်၊ သိပ်ရယ်ရတာ ပဲ၊ စင်ပေါ်ကို ရောက်ရင် ဒီပြက်လုံးကို ပြက်ကိုပြက်ရမယ် "

ဟု ကြုံးဝါးလေ၏ ။

မြက်ဦးထုပ်နှင့်လူက လူရွှင်တော်လေးကို ကြည့်၍

" ကျုပ်အထင်တော့ မောင်ရင်ဟာ နောက်ဆိုရင် မြက်လုံးထုတ်နိုင်မှာ မဟုတ်တော့ဘူး "

ဟု ပြောလေ၏ ။

ထိုအခါ လူရွှင်တော်လေးက မျက်မှောင်ကြုတ်၍

" ဘာဖြစ်လို့ ပြက်လုံး မထုတ်နိုင်ရမှာလဲ "

ဟု မေးမြန်းလေ၏ ။

မြက်ဦးထုပ်နှင့်လူက သက်ပြင်းချ၍

" ကျုပ်ပြောတဲ့ ပုံပြင်ကို နားထောင်လိုက်လို့ပါ "

ဟု ပြောလေ၏ ။

ထိုအခါ လူရွှင်တော်လေးက အံ့သြဟန်ဖြင့်

" ကျုပ်ကို ပုံပြင်ပြောပြမယ် ဟုတ်လား၊ ကလေးမဟုတ်၊ သူငယ်မဟုတ် ဘာပုံပြင်မှ နားမ ထောင်ချင်ပါဘူးဗျာ "

ဟု ငြင်းဆန်လေ၏ ။

မြက်ဦးထုပ်နှင့်လူက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း

“ ကျုပ်ပြောမယ့် ပုံပြင်ဆိုတာ စိတ်ကူးဉာဏ်ဆင်ပြီး ဇာတ်လမ်း ဖွဲ့ထားတဲ့ ပုံပြင်မဟုတ်ဘူး၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့ နာကြည်းကြေကွဲဖွယ် ဇာတ်လမ်း လေးတစ်ပုဒ်ကို ပုံပြင်လို တန်ဆာဆင်ပြီး ပြောပြမှာပါ၊ နောက်ပြီးတော့ ဒီပုံပြင်လေးဟာ မောင်ရင်နဲ့ လည်း ပတ်သက်နေတယ် ”

ဟု ပြောလေရာ လူရှင်တော်လေးသည် အံ့သြဟန်ဖြင့် မျက်လုံးဝိုင်းသွားပြီး

“ ဟင် … ကျုပ်နဲ့ ပတ်သက်နေတယ် ဟုတ်လား၊ ဘယ်လို ပတ်သက်တာလဲ ”

ဟု မေးမြန်းလေ၏ ။

မြက်ဦးထုပ်နှင့်လူက လေသံတီးတိုးဖြင့်

“ အလျင်မလိုပါနဲ့၊ ကျုပ်ပြောတာကို အေးအေးဆေးဆေး နားထောင်ပါ၊ တကယ်တော့ လူ တိုင်းလူတိုင်းရဲ့ ဘဝမှာ ကြေကွဲစရာကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးတွေ ရှိနေမြဲပါ ပဲ ”

ဟု အစချီကာ ပုံပြင်တစ်ပုဒ်ကို တည်ကြည်သောအသံဖြင့် စတင်ပြောဆိုလေတော့၏ ။ လူ ရှင်တော်လေးသည် ပုံပြင်ကို စိတ်ဝင်တစား နားထောင်ပြီး အံ့သြဟန်ဖြင့် မျက်လုံးအစုံ ပြူးဝိုင်းလာ လေ၏ ။

***

နောက်တစ်နေ့နံနက်တွင် လူ့ရှင်တော်များ အိပ်ရာနိုးသောအခါ ကာကာဆိုင်မှ လက်ဖက် ရည်နှင့်နံပြားကို စားသောက်ကြရင်း ခေါင်းဖြူနေသော လူ့ရှင်တော်ကြီးက

“ ဟော့ကောင်တွေ၊ နေကြပါဦး၊ ငွေတိုးအိပ်ရာက မနိုးသေးပါလား၊ အရင်တုန်းကတော့ ဒီကောင်အစောကြီးနိုးနေကျပါ ”

ဟု ပြောလေ၏ ။

ထိုအခါ ဇာတ်အဖွဲ့တွင် လူအများ၏ ခိုင်းစေခြင်းခံရသောမောင်ပု ဆိုသော လူငယ်လေးသည် လူ့ရှင်တော်လေး၏ ခြင်ထောင်ကို လှန်ကြည့်လိုက်ရာ လူ့ရှင်တော်လေးကိုမတွေ့ရဘဲ ခေါင်း အုံးပေါ်တွင် စာတစ်စောင်ကို တွေ့ရလေ၏ ။

လူငယ်လေးသည် စာကိုကိုင်၍ လူ့ရှင်တော်အဘိုးကြီးကို သွားပြလေ၏ ။

အဘိုးကြီးသည် စာကိုဖတ်၍ မျက်လုံးပြူးသွားပြီး

“ ဟိုက် ... သဘာဝ လောကကြီးကို ကျေးဇူးအမြဲတင်တယ်တဲ့၊ ဒီကောင်ရူးသွားပြီလား ”

ဟု ရေရွတ်လေ၏ ။

ထိုအခါ အငြိမ့်ထောင်ဆရာရောက်လာပြီး လူ့ရှင်တော်အဘိုးကြီး၏ စာကို ယူ၍ ဖတ်ကြည့် လိုက်ရာ

အငြိမ့်ထောင်ဆရာနဲ့ အငြိမ့်အဖွဲ့သူအဖွဲ့သားများချင်ဗျာ အငြိမ့်အဖွဲ့မှာ ရက်လပေါင်းများစွာ လူ့ရှင်တော်လေးအဖြစ် ခိုလှုံခွင့်ပြုသော သဘာဝ လောကြီးကို ကျေးဇူးတင် နေမိပါတယ်၊ အငြိမ့်အဖွဲ့မှာ လူ့ရှင်တော်လုပ်ခွင့်ရတာ ပျော်ရွှင်စရာကောင်းပါတယ်။ ကျုပ် ရဲ့ခပ်ညှံ့ညှံ့ပြက်လုံးလေးတွေကို

သဘောကျနေတဲ့ ပရိသတ်ရှိနေတာကို သဘာဝ လောက ကြီးကို
ကျေးဇူးတင်ပါတယ်၊ တကယ်တော့ ပျော်စရာကောင်းတဲ့ အငြိမ့်အဖွဲ့ကြီးက ထွက်
ခွာသွားရတာ ဟာ ပုံပြင်လေးတစ်ပုဒ်ကို နားထောင်လိုက်ရလို့ပါ၊ ဒီပုံပြင်လေးကို
နားထောင် ပြီး ကြေကွဲစရာနောက်ကြောင်းခံဇာတ်လမ်းလေးကို
သိလိုက်ရတဲ့အချိန်က စပြီး အငြိမ့်အ ဖွဲ့က ထွက်သွားရတာ ပါ၊
ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့။

## **သဘာဝ လောကကြီးကို ကျေးဇူးအမြဲတင်နေတဲ့ လူရွှင်တော်ငွေတိုး**

စာကိုအဆုံးသတ်အောင်ဖတ်ရှုပြီး အငြိမ့်ထောင်ဆရာက မကျေမနပ်ဖြင့်
တက်ခေါက်၍

“ သွားပြန်ပြီးတစ်ယောက်၊ လူရွှင်တော်ရှားပါတယ်ဆိုနေမှ
ဈေးကိုင်ပြီးထွက်သွားပြန်ပြီ၊ မ တတ်နိုင်ဘူးလေ၊ တစ်ယောက်သွားတော့
နှစ်ယောက်လာရမှာပေါ့ ”

ဟု ရေရွတ်လိုက်လေတော့၏ ။

ထိုနေ့မှစ၍ တောအငြိမ့်အဖွဲ့လေးမှ
ခပ်ညံ့ညံ့လူရွှင်တော်လေးတစ်ဦးသည် ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့၏ ။

လူရွှင်တော်လေးပျောက်ဆုံးသွားသည့်အကြောင်းကို
အငြိမ့်အဖွဲ့သူအဖွဲ့သားများသည် ဒ ဏ္ဍာရီတစ်ပုဒ်နှယ် မကြာခဏ
ပြောဆိုနေလေတော့၏ ။

***

တစ်နေ့သ၌ လမ်းပန်းဆက်သွယ်ရေးကောင်းသော မြို့ကြီးတစ်မြို့၏ မြို့လယ်ရှိ တရုတ် ခေါက်ဆွဲဆိုင်ကြီးတွင် နေ့လယ်စာစားချိန်ဖြစ်၍ လူအများစည်ကားနေလေ၏။

ခေါက်ဆွဲဆိုင်ရှင်တရုတ်ကြီးသည် အခေါက်ကင်ပြားကြီးကို စဥ့်တီတုံးပေါ်တင်၍ ဓားကြီး ဖြင့် တဂွမ်းဂွမ်းခုတ်ရင်း အလုပ်ရှုပ်နေလေ၏။

ခေါက်ဆွဲဆိုင်အတွင်း လူအများနှင့်ပြည့်နေ၍ စားပွဲထိုးလူငယ်လေးသည် ဝိုင်းတစ်ဝိုင်းမှ တစ်ဝိုင်းသို့ ကူးသန်းရင်း မအားလပ်နိုင်အောင်ရှိလေတော့၏။

ခေါက်ဆွဲဆိုင်၏ ထောင့်ဘက်ဆုံးစားပွဲတစ်လုံး၌ တယောနှင့် မယ်ဒလင်များကို စားပွဲပေါ် တွင်ထောင်ထားပြီး ဂီတသမားဖြစ်ဟန်ရှိသော လူသုံးဦးထိုင်နေကြလေ၏။

ထိုသူများသည် ရှပ်အကျႌအသစ်ကျပ်ချွတ်နှင့် ဘန်ကောက်လုံချည်၊ ပေတင်ရှူးဖိနပ်တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားပြီး ခေါင်းကိုလည်း ပြောင်လက်နေအောင် ကော့စမစ်တစ်နှင့် တိုက် ထားလေ၏။

ထိုသူသုံးယောက်၏ အနီးတွင် ကုလားထိုင်တစ်လုံးဖြင့် လုံးကြီးပေါက်လှ မိန်းမတစ်ဦးထိုင် နေပြီး ထိုမိန်းမသည် ဂီတသမားသုံးယောက်ကို အထင်ကြီးဟန်ဖြင့်ကြည့်၍ မေးခွန်းများမေးမြန်း နေလေ၏။

လုံးကြီးပေါက်လှမိန်းမက ဂီတသမားသုံးယောက်ထဲမှ ယောကျ်ားတန်မဲ့ မျက်နှာကို စနိုး များလူးထားသော ကိုဖေသက်ဆိုသူအား ကြည့်၍

“ ကိုဖေသက်က နာမည်ကြီးမင်းသားဇီးကွက်ဖေသက်နဲ့တူရုံမကဘူး၊ ရုပ်ချင်းလည်း ခပ် ဆင်ဆင်ပဲ၊ ဇီးကွက်သီချင်းကိုတော့ ကောင်းကောင်းဆိုတတ်မှာပေါ့ ”

ဟု ပြောလေရာ ကိုဖေသက်ဆိုသူက လက်မထောင်၍

“ ဆိုတတ်တာပေါ့ မခင်မြရယ်၊ ကျုပ်အသံက ဇီးကွက်ဖေသက်ထက်တောင် ကောင်းသေး တယ်၊ ဘာလဲ မခင်မြက နားထောင်ချင်လို့လား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ မခင်မြဆိုသော လုံးကြီးပေါက်လှ မိန်းမက

“ နားထောင်ချင်တာပေါ့ ကိုဖေသက်ရယ်၊ ဇီးကွက်သီချင်းကို ကျွန်မ နားထောင်ပြီးက တည်းက သိပ်ကြိုက်နေတာ၊ ကိုဖေသက်ဆိုပြရင် သိပ်ကောင်းမှာပဲ ”

ဟု မျက်လုံးများ မှေးစင်းကြည့်၍ ပြောလေတော့၏ ။

ထိုအခါ ဂီတသမား ကိုဖေသက်ဆိုသူက မခင်မြ၏ လုံးကြီးပေါက်လှ ကိုယ်ခန္ဓာကို သိမ်း ကျုံးကြည့်၍

“ ဟဲ ဟဲ … ဒါဆိုရင် ညကျရင် မြို့ထဲမှာလှည့်ဆိုပြီးရင် မခင်မြတို့ ဆိုင်ရှေ့ကိုရောက် အောင်လာပြီး ဇီးကွက်ကိုသီချင်းဆိုပြမယ် ”

ဟု ပြောလေရာ မခင်မြဆိုသောမိန်းမသည် သဘောကျဟန်ဖြင့် တဟီးဟီးရယ်မောလေ တော့၏ ။ ထိုအခိုက်မှာပင် အခေါက်ကင်ကို တင်တဂွမ်းဂွမ်းခုတ်နေသော တရုတ်ကြီးသည် လုံး ကြီးပေါက်လှမိန်းမကို တစ်ချက်လှမ်းကြည့်၍

“ ခင်မြင်ရေ၊ လူတွေကျနေပြီ၊ ချစ်ကောင်းကို ကူပါဦးကွယ်၊ သူတစ်ယောက်တည်းမနိုင် တော့ဘူး ”

ဟု လှမ်း၍ အော်ဟစ်လေ၏ ။

မခင်မြသည် တရုတ်ကြီး၏ အသံကြောင့် မျက်နှာရှုံ့မဲ့၍ ဆိုင်ထဲသို့

မျက်လုံးဝေ့ကြည့်လိုက် ပြီး

“ အနုပညာအကြောင်းကို ကောင်းကောင်းမဆွေးနွေးရဘူး၊ သိပ်စိတ်ညစ်တာပဲ၊ ခင်မြရဲ့ ကံကြမ္မာကိုက ဆိုးပါတယ်၊ အနုပညာအကြောင်းကို နကန်းတစ်လုံးမှ နားမလည်ဘဲ ခုတ်ဖို့ထစ်ဖို့ပဲ နားလည်တဲ့လူကြီးနဲ့ ပေါင်းဖက်ရတာ သိပ်စိတ်ညစ်တာပဲ၊ ဟိုဘဝက ဝဋ်ကြွေးရှိလို့နဲ့တူတယ် ”

ဟု ညည်းညူလေ၏ ။

ထိုအခါ ဂီတသမားသုံးယောက်သည် အနှစ်သာရကင်းမဲ့သော စကားများဖြင့် မခင်မြကို တစ်ယောက်တစ်ပေါက်နှစ်သိမ့်၍ စားသောက်ထားသည်များကို တစ်ပြားတစ်ချပ်မျှ မပေးဘဲ ထွက် ခွာသွားလေ၏ ။

မခင်မြသည် ဂီတသမားသုံးဦး ထွက်သွားသောအခါမှပင် လူကျနေ၍ မနိုင်မနင်းဖြစ်နေ သော စားပွဲထိုးလေး၏ အနီးသို့သွား၍

“ ချစ်ကောင်း၊ နင်ဟာလေ တစ်စက်ကလေးမှ မျက်နှာလွှဲလို့ မရဘူး၊ ကိုယ့်အလုပ်ကို ကိုယ်နိုင်အောင်လုပ်မှပေါ့၊ ညှော်သည်လာလို့ ကောင်းကောင်းမွန်မွန် စကားပြောရတယ်မရှိဘူး ”

ဟု အပြစ်တင်ကာ ဆောင့်ကြီးအောင့်ကြီးဖြင့် စားသောက်နေသူများထံသို့ ထမင်းဟင်းများ ကို ချပေးလေ၏ ။

ဆိုင်သို့လာရောက်၍ စားသောက်သူများသည် မခင်မြ၏ အပြုအမူကို မနှစ်သက်သော် လည်း တရုတ်အကျင်၏ လက်ရာ ကောင်းလွန်းလှသဖြင့် သည်းခံ၍ စားသောက်ကြလေ၏ ။

မခင်မြကမူ စားပွဲထိုးသောအလုပ်ကို စိတ်ဝင်စားခြင်းမရှိဘဲ

“ ဇီးကွက်၊ ဇီးကွက် ဇီးကွက်ရောက်လိမ့်မယ် ”

ဟူသော သီချင်းတစ်ပိုင်းတစ်စကို တီးတိုးရေရွတ်နေလေ၏ ။

စားပွဲထိုးလူငယ်လေးကမူ ဂီတသမားသုံးယောက်
စားသောက်ထားသည်များကို သိမ်း ဆည်း၍ ဆိုင်ရှင်တရုတ်ကြီးအနီးသို့သွားကာ

" ထောင်ကဲကြီး ဂီတသမားတွေ ပိုက်ဆံပေးမသွားဘူး "

ဟု တိုင်တန်းလိုက်လေ၏။

ထိုအခါ တရုတ်ကြီးက ခေါင်းကိုကုတ်၍

" ဒုက္ခပါပဲ၊ ဒီကောင်တွေက ဝကို သူဌေးဖြစ်နောက်ကျအောင် လုပ်နေတဲ့ကောင်တွေပဲကွ၊ ထားပါတော့ကွာ၊ ဒီကောင်တွေ ငါ့မိန်းမရဲ့မိတ်ဆွေတွေကွ၊ မိတ်ဆွေဖြစ်တာကို အခွင့်ကောင်းယူ ပြီး ပိုက်ဆံမပေးတဲ့လူတွေကို မသိချင်ယောင်ဆောင်နေတာပဲ ကောင်းပါတယ်၊ ကဲ ပန်းကန်တွေ ကို သိမ်းလိုက်တော့ "

ဟု ပြောလေ၏။

စားပွဲထိုးလူငယ်လေးက မျက်နှာကိုရှုံ့မဲ့၍

" ဒီလူကြီးတွေဟာ အလုပ်အကိုင် မယ်မယ်ရရမရှိဘဲ ဘင်ဂျိုတွေ၊ မယ်ဒလင်တွေနဲ့ပဲ အပျို ရှိတဲ့အိမ်ကို လှည့်ပြီး နောက်ပိုးရှုးလုပ်နေတာများတယ်၊ ဒီတစ်ခါ ဆိုင်ကိုလာစားရင် ဆားတွေအ များကြီးထည့်ပြီး ကြော်လှော်ပေးလိုက်၊ ဒါမှ နောက်ကို ဆိုင်မလာရဲမှာ "

ဟု ပြောလေ၏။

တရုတ်ကြီးက တဟားဟားရယ်မော၍

" ဒီလိုတော့ မလုပ်ပါဘူးကွာ၊ ဒီကောင်တွေ လာစားရုံနဲ့ ငါမွဲ မသွားပါဘူး၊ နောက်ပြီးတော့ ဒီကောင်တွေကို ငါ့မိန်းမက အထင်ကြီးနေတယ်ကွ၊ မိန်းမက အထင်ကြီးနေတော့ ငါအထင်မကြီး ပေမဲ့ မသိချင်ယောင်ဆောင်နေတာကောင်းပါတယ်၊ ဒါဟာ

မိန်းမငယ်ငယ်လေးတစ်ယောက်ကို ယူထားမိတဲ့ အသက်ကြီးကြီးလူူတစ်ယောက်ရဲ့ ဒုက္ခပဲပေါ့ကွာ၊ တကယ်တော့ မိန်းမငယ်ငယ်လေး ကို ယူထားတဲ့သူဟာ ကိုယ်မစီးတတ်တဲ့ မြင်းတစ်ကောင်ကို ဝယ်ထားသလိုပဲကွ၊ အောင့်သက် သက်ကြီးနဲ့ ခံနေရတာ များတယ် ”

ဟု ပြောကာ တဟားဟား ရယ်မောနေလေတော့၏ ။
စားပွဲထိုးလူငယ်သည် တရုတ်ကြီး၏ စကားကို နားထောင်၍

“ မစီးတတ်တဲ့မြင်းတစ်ကောင်ကိုဝယ်ထားသလိုပဲတဲ့၊ မြင်းမစီးတတ်ဘဲနဲ့များ ဘာဖြစ်လို့ မြင်းကိုဝယ်ထားသလဲ ထောင်ကဲကြီးရယ်၊ ကျွန်တော်ဆိုရင်တော့ မစီးတတ်ရင် ပိုက်ဆံအကုန်ခံ ပြီး မဝယ်ပါဘူးဗျာ ”

ဟု တီးတိုးပြောလေတော့၏ ။

စားပွဲထိုးလူငယ်၏ အမည်မှာ ချစ်ကောင်းဟူ၍ ဖြစ်ပြီး ချစ်ကောင်းသည် တရုတ်ကြီး၏ ဆိုင် တွင် စားပွဲထိုးအဖြစ် ငယ်စဉ်ကပင် လုပ်ကိုင်ခဲ့ခြင်းဖြစ်၏ ။ တရုတ်ကြီးနှင့် ချစ်ကောင်းတွေ့ဆုံခြင်း သည် ထူးဆန်း၏ ။

လသာသောညတစ်ညတွင် တရုတ်ကြီးသည် သူ၏ ဆိုင်ကိုပိတ်ရန်ပြင်ဆင်နေစဉ် ဆိုင်ရှေ့ တွင် ကလေးငိုသံကြား၍ ထကြည့်လိုက်ရာ လသားအရွယ်ကလေးငယ်တစ်ယောက်ကို တွေ့ရ လေ၏ ။

တရုတ်ကြီးသည် ထိုအချိန်က မိန်းမမရှိသေးသဖြင့် သူတစ်ပါးလာရောက်စွန့်ပစ်သွားသော ကလေးကိုကြည့်၍ မျက်လုံးပြူးသွားလေ၏ ။

ကလေးကိုပတ်ထားသော အနီးစထဲတွင် မည်သည့်အမှတ်အသားကိုမျှ မတွေ့ရပေ။

ဤသို့ဖြင့်တရုတ်ကြီးသည် ကလေးငယ်ကိုမွေးစားဖြစ်ခဲ့လေ၏ ။

ကလေးကိုရေချိုးပေးသောနေ့တွင် ကလေးငယ်၏ ကျောတွင်

အနီရောင်ဟသ်ာပြဒါးမင်နှင့် ရေးထိုးထားသော ဟသ်ာရုပ်ကလေးကို တွေ့ရ၏။

ထိုအရုပ်ကလေးသည် ကလေးငယ်၏ လျှို့ဝှက်သော နောက်ကြောင်းနှင့် ဆက်စပ်မှုရှိမည် ဟု ထင်မြင်မိ၏။

တရုတ်ကြီးသည် မိန်းမမရှိသော လူပျိုကြီးတစ်ယောက်ဖြစ်သဖြင့် ကလေးကို ခက်ခက်ခဲခဲ မွေးမြူခဲ့ရ၏။

အရုပ်ထဲရှိ သားသည်မိခင်များထံသို့ ကလေးငယ်ကိုပို့ကာ နို့တိုက်မွေးမြူရ၏။ ထိုမိန်းမများ က ကြည့်ဖြူစေရန် ခေါက်ဆွဲကြော်၊ အစိမ်းကြော်များကို ကြော်လှော်၍ ပို့ပေးခဲ့ရ၏။

နောက်ပိုင်းတွင် မြို့စွန်ရှိခြံတစ်ခြံမှ ဆိတ်နို့များကို ကလေးငယ်အား တိုက်ကျွေး၏။ က လေးငယ်သည် ဆိတ်နို့များကိုသောက်သုံး၍ ကြီးပြင်းခဲ့ရလေ၏။

ကလေးငယ် ငါးနှစ်သားအရွယ်သို့ရောက်သောအခါ သူ၏ ဆိုင်သို့ ဗေဒင်ဆရာတစ်ဦး ရောက်လာသဖြင့် ခရီးဦးကြိုဆိုပြီး ခေါက်ဆွဲကြော်တစ်ပွဲ အလကားကျွေးကာ ကလေးငယ်အတွက် နာမည်ပေး ကင်ပွန်းတပ်ခြင်းကို ပြုလုပ်ရ၏။

တရုတ်ကြီးသည် ကလေးငယ်ကို ဆရာကြီးဦးဘလှကျောင်းတွင် ပညာသင်ပေးခဲ့ပြီး လေး တန်းအောင်သောအခါ ကျောင်းမှထုတ်၍ ဆိုင်တွင် ကူညီရောင်းချစေ၏။ တရုတ်အကျင်က ချစ် ကောင်းအား

“ မင်းကို ကျောင်းဆက်မထားတာ မြို့အုပ်၊ အရေးပိုင်လို ရာထူးရာခံရှိတဲ့အလုပ်တွေကို မ လုပ်စေချင်လို့ပဲ၊ ဒီတော့ ငါ့ဆိုင်မှာပဲ ကူညီရောင်းချပေးပြီး သဘာဝ လောကကြီးထဲက သင်ယူပါ၊ တကယ်တော့ လောကကြီးထဲက လူတွေဟာ သဘာဝ လောကကြီးထဲမှာနေပြီး သတိမမူဘဲ နေထိုင်ကြလို့ ပညာတွေကို မရကြတာကွ၊ ဒါကြောင့် လောကကြီးကို မျက်လုံးဖွင့်ကြည့်ပြီး ပညာတွေ သင်ယူဖို့ ကြိုးစားပါကွာ ”

ဟု မှာကြားလေ၏ ။

ချစ်ကောင်းသည် ငယ်ရွယ်သူဖြစ်သော်လည်း ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူဖြစ်သ ဖြင့် တရုတ်ကြီး၏ စကားကို ကောင်းစွာမှတ်သားထား၏ ။ ထို့ကြောင့် ကျောင်းမှထွက်သောအခါ အသက်ဆယ့်သုံးနှစ်အရွယ်မှစ၍ လောကကြီးကို မျက်ခြေမပြတ်ကြည့်၍ သင်ယူရန်ကြိုးစားလေ၏ ။

လောကကြီးထဲမှာ သင်ယူရန် လမ်းစကိုလည်း တရုတ်အကျင်က သင်ပြပေး၏ ။

" ဟိုမှာကြည့်စမ်း ချစ်ကောင်း၊ ဈေးထဲမှာ မိန်းမနှစ်ယောက် ရန်ဖြစ်နေတယ်၊ သူတို့နှစ် ယောက် ဘာဖြစ်လို့ရန်ဖြစ်သလဲဆိုတာ သေသေချာချာနားထောင်ပြီးကြည့်ရတယ်၊ သူတို့ရန်ဖြစ်ရ ခြင်းက ဈေးရောင်းသူနဲ့ဝယ်ယူသူ ဈေးဆစ်ရာက ဖြစ်တာကွ၊ ဝယ်သူကလည်း မတန်မဆဈေးနှိမ် ပြီးဆစ်တယ်၊ ရောင်းသူကလဲ ဈေးသည်ဟာ သည်းခံရမယ်ဆိုတာ နားမလည်ဘူး၊

ဒါကြောင့် သူတို့နှစ်ယောက်က ရန်ဖြစ်ကြတယ်၊ သဘာဝ လောကကြီးက သင်ယူရမယ်ဆို တာ အဲဒါပဲ၊ သူတစ်ပါးရဲ့ပစ္စည်းကို မတရားဈေးမနှိမ်ရဘူး၊ သည်းခံခြင်းရှိရမယ်ဆိုတာ မင်းသင်ယူ လိုက်နိုင်တယ်၊ ဒီလိုဘာဖြစ်လို့ သင်ယူနိုင်တာလဲဆိုတာ မင်းရဲ့မျက်စိနဲ့နားကို ဖွင့်ထားလို့ပဲ၊

လူတွေဟာ သဘာဝ လောကကြီးထဲမှာ နေထိုင်ရပေမဲ့ မျက်စိနဲ့နားကို ဖွင့်မထားတာများပါ တယ်၊ လမ်းထဲက အရက်သမားကြီး ဖိုးတာကိုကြည့်၊ ဖိုးတာဟာ အချိန်ပြည့်အရက်မူးနေတယ်၊ မိန်းမကိုလည်း ပိုက်ဆံအပ်တယ်ရယ်လို့မရှိဘူး၊ ဖိုးတာ ညနေစောင်း အိမ်ပြန်လာရင် စောင့်ကြည့် လိုက်၊

မိန်းမနဲ့ ခုနစ်အိမ်ကြားရှစ်အိမ်ကြားရန်ဖြစ်ပြီး ကလေးတွေကိုရိုက်နှက်တယ်၊ ဒီအတွက် ပတ်ဝန်းကျင်ကလည်း သူ့ကိုမကြည်ဖြူဘူး။ ဒါကိုကြည့်ခြင်းနဲ့ အရက်သောက်တာမကောင်းဘူး၊ ကိုယ့်မိသားစု စိတ်ဆင်းရဲရတယ်၊ ပတ်ဝန်းကျင်က အထင်အမြင်သေးတယ်ဆိုတာ သင်ယူနိုင် တယ်၊ ငါ မင်းကိုပြောပြနေတာဟာ မင်းအသက်အရွယ်နဲ့ ဉာဏ်မီအောင် အပြော့စားသင်ယူမှုလေး တွေကို ပြောပြနေတာပါ၊

လောကကြီးကနေ သင်ယူပါများပြီး အတွေ့အကြုံများလာရင် ပိုပြီးလေးနက်တဲ့ အတွေးအ ခေါ်တွေကို သင်ယူနိုင်မှာပါ၊ တကယ်တော့ လောကဆိုတာ သင်ယူလို့မကုန်နိုင်တဲ့ ကျောင်းကြီး တစ်ကျောင်းပါကွာ၊ ဒါပေမဲ့ လူတွေဟာ သင်ယူလို့တတ်တဲ့အခါ လိုက်နာနိုင်ဖို့ကျတော့ သိပ်ခက် ကြတယ်၊

အရက်သောက်တာ မကောင်းဘူး၊ ကျန်းမာရေး၊ မိသားစုအရေးတွေ ထိခိုက်တတ်တယ်ဆို တာ အရက်သမားတွေ သိနားလည်ကြတာပဲ၊ ဒါပေမဲ့ မလိုက်နာနိုင်ဘူး၊ အရက်သောက်ကြတယ်၊ အိမ်ထောင်ရေးဖောက်ပြန်တာဟာ မကောင်းဘူးဆိုတာ လူတွေသိကြတာပဲ၊ ဒါပေမဲ့ အိမ်ထောင် ရေးဖောက်ပြန်တဲ့သူတွေ ရှိနေတာပဲ၊ သင်ယူလို့သိနားလည်တာနဲ့ လိုက်နာနိုင်ခြင်းဟာ တစ်ခြားစီ ပဲ ”

ဟု ရှင်းလင်းပြခဲ့ဖူး၏ ။

ချစ်ကောင်းသည် တရုတ်ကြီးအကျင်၏ စကားလက်တွေ့ကျ၍ မှန်ကန်ကြောင်း မကြာမီ သိရလေ၏ ။

တရုတ်အကျင်၏ ခေါက်ဆွဲဆိုင်နှင့်မလှမ်းမကမ်းတွင် အကြော်ဆိုင်လာဖွင့်သော သားအမိ နှစ်ယောက်ရှိ၏ ။

ထိုသားအမိသည် အကြော်များကို ရောင်းချပြီးနောက် ဆီပုံး၊ ဒယ်အိုးစသော အသုံးအ ဆောင်များကို တရုတ်အကျင်ထံတွင်

လာရောက်အပ်နှံသိမ်းဆည်းထား၏ ။

တရုတ်အကျင်သည် အကြော်ဆိုင်ရှင်မိန်းမကြီးနှင့် လေပေးဖြောင့်ရာမှ သူ၏ သမီး လုံးကြီး ပေါက်လှ မခင်မြကို သဘောကျ၏ ။

မခင်မြအသက်မှာ (၂၅) နှစ်သာရှိပြီး တရုတ်အကျင်မှာ အသက် (၅၀) ခန့်ရှိ၍ အသက် ချင်းများစွာကွာခြား၏ ။

သို့သော် တရုတ်အကျင်သည် လုံးကြီးပေါက်လှ မခင်မြကို နှစ်သက်နေပြီဖြစ်သဖြင့် အ သက်ချင်းများစွာကွာခြားခြင်းကို သတိမမူနိုင်တော့။

ထို့ကြောင့် သူမ၏ သမီးထံသို့ ခွင့်ပန်၍ မခင်မြကို တောင်းရမ်းယူလေ၏ ။ မခင်မြ၏ မိခင် ကြီးသည် ပိုက်ဆံမက်သူပီပီ တရုတ်အကျင်ကို အသက်ကြီးသော်လည်း ခေါက်ဆွဲဆိုင်ရှင်ဖြစ်သ ဖြင့် သဘောကျသွားပြီး

" ငါ့သမီးအတွက် ရွှေတဆင်စာ၊ ငါ့အတွက် တစ်ကျပ်သား ဆွဲကြိုးတစ်ကုံးလုပ်ပေးရင် နင့် ကို ငါ့သမီးနဲ့ပေးစားမယ် "

ဟု ပြောလေ၏ ။

မခင်မြသည် တရုတ်အကျင်ကို အသက်ကြီးသော်လည်း ခေါက်ဆွဲဆိုင်တွင် ထင်သလိုကြီး စိုးခွင့်ရမည်ဆိုသဖြင့် လက်ထပ်ရန် သဘောတူလိုက်၏ ။

သူမသည် အကျင်၏ ခေါက်ဆွဲကြော်ကို လွန်စွာကြိုက်နှစ်သက်သူဖြစ်ပြီး တစ်ထိုင်တည်း ဖြင့် သုံးထုပ်ကုန်အောင် စားနိုင်သူဖြစ်၏ ။

မခင်မြသည် တရုတ်အကျင်နှင့်လက်ထပ်ပြီးနောက် တရုတ်အကျင်ထက် အသက်များစွာ ငယ်ရွယ်ခြင်းကို အကြောင်းပြု၍ ဆိုးချင်တိုင်းဆိုး၊ နွဲ့ချင်တိုင်းနွဲ့လေတော့၏ ။

တရုတ်အကျင်သည် မခင်မြ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းရန်

ကျောက်ပြင်တွင် ကိုယ် တိုင်သွေးပေးရ၏ ။

ခေါက်ဆွဲဆိုင်တွင် အလုပ်အကိုင်မယ်မယ်ရရမလုပ်ဘဲ ညောင်းညာကိုက်ခဲသည်ဟု အ ကြောင်းပြကာ အကျင်ကိုနင်းနှိပ်ခိုင်းရ၏ ။ ထိုမြင်ကွင်းကိုကြည့်၍ ချစ်ကောင်းက ရယ်မောရ၍

“ ထောင်ကဲကြီး၊ ဆေးပေးမီးယူပြုစုဖို့ မိန်းမတစ်ယောက်ယူတယ်ဆို၊ အခုတော့ ကိုယ်က ချည်း ပြုစုနေရပါလား ”

ဟု မေးမြန်းလိုက်ရာ ထောင်ကဲကြီးကရယ်မောရ၍

“ သဘာဝ လောကကြီးက သင်ယူရမဲ့ အတတ်ပညာထဲမှာ ဒါလည်း ပါတယ်ကွ၊ ကြီးမှဝက် သက်ပေါက်တဲ့ငါ့အဖြစ်ကိုကြည့်ပြီး သင်ယူလို့ရတယ်လေကွာ၊ လူဟာ မကောင်းဘူးဆိုတာ သိ ရက်သားနဲ့ မျက်လုံးမှိတ်ပြီး လုပ်တတ်တဲ့သတ္တဝါပဲကွ ”

ဟု ပြောလေတော့၏ ။

မခင်မြသည် တရုတ်အကျင်ကို အနိုင်အထက်ပြုကျင့်ရုံမက ချစ်ကောင်းကိုလည်း ကောင်း စွာ ဒုက္ခပေးလေ၏ ။

သူမသည် ချစ်ကောင်းအား တရုတ်အကျင်၏ မွေးစားသားတစ်ယောက်အဖြစ် သဘောမ ထားနိုင်သဖြင့် အမျိုးမျိုး ဒုက္ခရောက်အောင် ပြုလုပ်၏ ။

ချစ်ကောင်း စိတ်သဘောထားညိုးငယ်ပြီး ဆိုင်မှထွက်သွားလျှင် တရုတ်အကျင်၏ စည်းစိမ် ဥစ္စာများကို သူမတစ်ယောက်တည်း အပိုင်စီးနိုင်သည်ဟု ယူဆထား၏ ။

တရုတ်အကျင်သည် အနှစ်သုံးဆယ်လုံးလုံး ခေါက်ဆွဲဆိုင်ဖွင့်၍ ကျစ်ကျစ်ပါအောင် စု ဆောင်းထားသော ငွေစကြေးစများ ရှိ၏ ။

မခင်မြသည် ရုပ်ရည်သင့်တင့်၍
လုံးကြီးပေါက်လှကိုယ်တစ်လုံးရှိသော်လည်း အရည်အ ချင်းရှိသူမဟုတ်ပေ။

သူမသည် ဆန့်ကျင်ဘက်ယောကျ်ားများနှင့် စကားပြောဆိုရင်း အချိန်ဖြုန်းရန် ဝါသနာထုံ ၏ ။

ငယ်ရွယ်သောယောကျ်ားပျိုများနှင့် လက်ပွန်းတတီးနေထိုင်၏ ။ ဖင်ပုတ်ခေါင်းပုတ်လုပ်ပြီး သာယာတတ်၏ ။ တရုတ်အကျင်သည် ထိုမြင်ကွင်းကို မသိဟန်ဆောင်၍ နေရရှာ၏ ။

***

ညနေသို့ရောက်သောအခါ မခင်မြသည် ပွဲနေပွဲထိုင်သွားမည့်ဟန်ဖြင့် အလှပြင်၍ ဆိုင်အ လုပ်များကို ကူညီလုပ်ကိုင်ပေးခြင်းမရှိတော့ပေ။

ည (၉) နာရီခန့်ရှိသောအခါ ခေါက်ဆွဲဆိုင်၏ အပေါ်ထပ်သို့တက်သွားပြီး အိမ်ရှေ့ပြတင်း ပေါက်ကိုဖွင့်ကာ ဂီတသမားများကို မျှော်လေ၏ ။

ခဏကြာလျှင် ဂီတသမားအမည်ခံ မျက်နှာရှူးသုံးယောက်သည် တူရိယာများကိုယူဆောင် ၍ ဆိုင်ရှေ့သို့ရောက်လာလေ၏ ။

ထို့နောက် ထိုခေတ်က နာမည်ကျော်ကြားသော ဇီးကွက်သီချင်းကို သီဆိုလေတော့၏ ။

ဇမ္ဗူဒီပါပေါ်ဝယ် (ဇီးကွက် ဇီးကွက် ဇီးကွက် ရောက်လိမ့်မယ်)၂ ဖေသက်အမည် ဆန်း စီးပွားလမ်းကိုတိုးတက်ပါတော့မယ်

တောင်နားကအိမ်ပေါ်မြည်မယ်၊ မြောက်နားကအိမ်ပေါ်မည်မယ် အဒေါ်တို့ရဲ့ အိမ် ပေါ်မှာလာမည်မည်၊ မလှတာနဲ့ကွယ် ညကျမှထွက်မယ်

မင်္ဂလာအောင်သပြေ မောင်ဖေသက်မယ်

မှတ်ချက် ။ ။ စစ်ကြိုခေတ်က ဇီးကွက်ဖေသက်ဟုအမည်တွင်သော မင်းသားတစ်လက် ခေတ်စားခဲ့ဖူး ပါသည်။ စိန်ဗေဒါကြီး၏ ဗလာဆိုင်းတွင် ဇီးကွက်ပုံဦးထုပ် ဆောင်း၍ လက်နှစ်ဖက်တွင် အတောင်ပံတပ်ကာ ဇီးကွက်သီချင်းဆိုရာမှ နာမည်ကျော်ကြားခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာတို့၏ အယူအဆအရ ဇီးကွက် သည် မင်္ဂလာရှိ၍ စီးပွားလာဘ်လာဘများ ပေါများစေသည်ဟု အယူရှိသ ဖြင့် ဇီးကွက်သီချင်း ခေတ်စားရခြင်းဖြစ်ဟန်တန်ရာ၏ ။

**(စာရေးသူ)**

မခင်မြသည် ဂီတရှုးသုံးကောင်၏ ဇီးကွက်သီချင်းကို အလွန်သဘောကျကာ ဆိုင်ထဲရှိ အ စားအစာများကို ဖက်နှင့်ထုပ်၍ ကိုယ်တိုင် သွားပို့လေ၏ ။ တရုတ်အကျင်သည် ထိုမြင်ကွင်းကိုမြင် နေရသော်လည်း မသိဟန်ဆောင်နေရရှာ၏ ။

ထိုနေ့မှစ၍ ဂီတရှုးသုံးယောက်သည် တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို ဆိုင်ရှေ့သို့ ဇီး ကွက်သီချင်းလာရောက် သီဆိုလေ၏ ။ မခင်မြက ဇီးကွက်သီချင်း သီဆိုခြင်းကို အလွန်သဘောကျ ၏ ။

သူမကိုယ်သူမ ရွှေအိမ်စံမင်းသမီးတစ်ပါးကဲ့သို့ စိတ်ကြီးဝင်ကာ ဂီတရှုးသုံးယောက်ကို သူ မ၏ ပျော်တော်ဆက်များဟု သဘောထားပုံရ၏ ။ မခင်မြက ဇီးကွက်သီချင်းနှင့်ပတ်သက်၍

“ အိမ်ရှေ့မှာ ဇီးကွက်သီချင်းကို မကြာခဏလာဆိုတော့ လာဘ်လာဘတွေကောင်းပြီး မင်္ဂ လာရှိတာပေ့ါ၊ ဇီးကွက်သီချင်းကို မကြာခဏလာဆိုပေးဖို့ ကိုဖေသက်တို့ကို မနည်းတောင်းပန် ထားရတယ် ”

ဟု ပြောလေ၏ ။

ဤသို့ဖြင့် ကိုဖေသက်တို့ လူစုရောက်လာလျှင် စားသောက်ဖွယ်ရာများကို အခမဲ့ကျွေးမွေး ခြင်း၊ အိမ်သို့ဖက်ဖြင့်ထုပ်ပေးခြင်းများ ပြုလုပ်လေ၏။

တရုတ်အကျင်သည် မခင်မြ၏ အပြုအမူကို တားဆီးခြင်းမပြုဘဲ မသိဟန်ဆောင်နေလေ၏။

***